ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly
# INFLATION REPORT
Jan, 2021

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ**အတွက် စုစုပေါင်းစားသုံးသူ ဈေးဆနှုန်း (အစားအစာအုပ်စုနှင့် အစားအစာမဟုတ်သောအုပ်စု)မှာ **၁၆၂.၉၄** ဖြစ်ပြီး **ယခင်လ၏** အခြေအနေ **၁၆၂.၈၂** နှင့် နှိုင်းယှဉ်ပါက **၀.၀၇%** မြင့်တက်လာပါသည်။ ဈေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၅.၄၈** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၅.၅၀** နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၂.၉၄** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၆၁.၇၂** နှင့်နှိုင်းယှဉ်ပါက **၀.၇၅%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၏ Core CPI မှာ ၁၄၅.၄၈ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ Core CPI** အခြေအနေ **၁၄၁.၂၂** နှင့် နှိုင်းယှဉ်ပါက **၃.၀၁%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၅.၅၁** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၆.၀၂** နှင့်နှိုင်းယှဉ်ပါက **၀.၂၉%** ကျဆင်းလာခဲ့ပါသည်။ ဆန် (ဧည့်မထ)၊ စားသုံးဆီများ၊ ကြက်သား၊ ဝက်သားနှင့် အမဲသားဈေးနှုန်းများ အသီးသီး မြင့်တက်လာခဲ့သော်လည်း ဥဈေးနှုန်း၊ ငါးဈေးနှုန်းများနှင့် ငါးရံ့ခြောက်ဈေးနှုန်းများ ကျဆင်းလာပါသည်။ စားဖိုဆောင်သုံးသီးနှံများဖြစ်သော ကုလားပဲခြမ်း၊ ပဲနီလေးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ ရာသီပေါ်အသီးအနှံဖြစ်သော ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်ဈေးနှုန်း များမှာလည်း အနည်းငယ် မြင့်တက်လာပါသည်။ သို့သော် အာလူး၊ ကြက်သွန်နီ၊ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥဖြူနှင့် ပဲတောင့်ရှည်သီးဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food) ၏ ဈေးဆနှုန်းမှာ **၁၄၅.၂၄** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၄.၂၅** နှင့်နှိုင်းယှဉ်ပါက **၀.၆၉%** မြင့်တက်ခဲ့ပါသည်။

၅။ **၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းများမှာ ယခင်လကထက် (၃၂) ကျပ်ခန့် မြင့်တက်နေသော်လည်း လွန်ခဲ့သောနှစ် အလားတူကာလထက် (၁၅၇) ကျပ်ခန့် ကျဆင်းနေပါသည်။ ထို့အပြင် ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လျက်ရှိသကဲ့သို့ ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများမှာလည်း လိုက်ပါမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၆။ **၂၀၂၀ ပြည့်နှစ်၊** ဒီဇင်ဘာလအတွင်း ဆန်ဈေးနှုန်း၊ စားသုံးဆီဈေးနှုန်းများ၊ အသားဈေးနှုန်းများ၊ အချို့သော စားဖိုဆောင်သီးနှံများ၊ ရာသီပေါ်ဟင်းသီးဟင်းရွက် အသီးအနှံများနှင့် ရွှေဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ ၂၀၂၀ ပြည့်နှစ်၊ **ဒီဇင်ဘာလအတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၃.၈၇%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၈.၈၂%** ရှိပါသည်။


၈။ ၂၀၂၀ ပြည့်နှစ်၊ **ဒီဇင်ဘာလအတွက် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၀.၇၅%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၃.၀၁%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ထွန်းဇော်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်နှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ စားသုံးသူဈေးဆန်နှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်နှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ စားသုံးသူဈေးဆန်နှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်နှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန်နှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်နှုန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်နှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်နှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၂.၉၄ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၂.၈၂ နှင့်နှိုင်းယှဉ်ပါက ၀.၀၇% မြင့်တက်လာပါသည်။ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စု၊ ပြင်ပအစားအသောက်အုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ မြင့်တက်လာသော်လည်း အစားအစာအုပ်စု၊ အဝတ်အထည်အုပ်စုနှင့် အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုတို့မှာ ယခင်လကထက် ကျဆင်းနေပါသည်။ သို့သော် ဆက်သွယ်ရေးအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) အစားအစာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၇၅.၅၁ ရှိ၍ ယခင်လအခြေအနေ ၁၇၆.၀၂ နှင့်နှိုင်းယှဉ်ပါက ၀.၂၉% ကျဆင်းလာပါသည်။ ယခုလတွင် ဘဲဥ ၁.၃၉%၊ ကြက်ဥ ၁.၁၈%၊ ငါးခူ ၆.၄၁%၊ ငါးရံ့ ၀.၈၇%၊ ငါးမြစ်ချင်း ၀.၇၃%၊ ပုစွန်ခြောက် ၀.၂၃% နှင့် ငါးရံ့ခြောက် ၀.၇၀% အသီးသီး ကျဆင်းလာသော်လည်း ဆန် (ဧည့်မထ) ၀.၅၅%၊ မြေပဲဆီ ၀.၃၆%၊ နှမ်းဆီ ၀.၅၂%၊ စားအုန်းဆီ ၆.၆၈%၊ ကြက်သား ၁.၂၉%၊ ဝက်သား ၀.၈၄% ၊အမဲသား ၀.၃၃% နှင့် ရေကျိုငါးပိ ၀.၄၅% ဖြင့်ဈေးနှုန်းများအသီးသီး မြင့်တက်လာပါသည်။ ထို့အပြင် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၀.၂၀%၊ ပဲနီလေး ၁.၈၁% နှင့် ကြက်သွန်ဖြူ ၃.၃၃% အသီးသီးမြင့်တက်လာပြီး အာလူး ၅.၂၃% နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာ ၁၄.၄၆% ဖြင့် ဈေးနှုန်းများ အသီးသီးကျဆင်းနေပါသည်။ ရာသီပေါ်

သီးနှံဖြစ်သော ဘူးသီး ၁.၅၁%၊ ခရမ်းသီး ၉.၀၅%၊ ခရမ်းချဉ်သီး ၁၀.၇၆%၊ ဂေါ်ဖီထုပ် ၈.၆၈%၊ မုန်လာဥဖြူ ၉.၃၁% နှင့် ပဲတောင့်ရှည်သီး ၁.၄၈% ဖြင့် ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၆၂.၇၂ ရှိ၍ ယခင်လအခြေအနေ ၁၅၇.၅၂ နှင့်နှိုင်းယှဉ်ပါက ၃.၃၀% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော အရက်(ပြည်တွင်း)၊ ကွမ်းရွက်၊ ကွမ်းသီး(လုံး/ခြမ်း) နှင့် ဆေးရွက်ကြီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၃၀.၄၈ ရှိ၍ ယခင်လအခြေအနေ ၁၃၀.၅၀ နှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာ ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် အမျိုးသမီးဝတ်လုံချည် (ပြည်တွင်း/ပြည်ပ) ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၂၀၁.၈၉ ရှိ၍ ယခင်လအခြေအနေ ၂၀၁.၅၇ နှင့်နှိုင်းယှဉ်ပါက ၀.၁၆% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော ဝါး၊ သွပ်နှင့် အိမ်ပြင်အလုပ်သမားခ ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၃၅.၁၆ ရှိ၍ ယခင်လအခြေအနေ ၁၃၄.၉၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၆% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ခုတင်၊ စောင်၊ ထမင်းပေါင်းအိုး၊ ခွာတ်ခဲ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၆၄.၅၅ ရှိ၍ ယခင်လအခြေအနေ ၁၆၄.၄၄ နှင့်နှိုင်းယှဉ်ပါက ၀.၀၇% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် တိုင်းရင်းဆေး၊ စမ်းသပ်ခ(ရိုးရိုးဆရာဝန်)နှင့် ဆေးရုံစရိတ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၀၉.၄၆ ရှိ၍ ယခင်လအခြေအနေ ၁၀၇.၄၃ နှင့်နှိုင်းယှဉ်ပါက ၁.၈၈% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ဘက်စ်ကားခ(မြို့တွင်း) ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၀၁.၁၅ ရှိ၍ ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက သိသာစွာ ပြောင်းလဲမှုမရှိပါ။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၌ ၁၂၄.၀၉ ရှိ၍ ယခင်လအခြေအနေ ၁၂၄.၁၂ နှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုအတွင်းပါဝင်သော ရုပ်မြင်သံကြားစက်ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၀၄ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၁.၅၀ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၂၉ နှင့်နှိုင်းယှဉ်ပါက ၀.၈၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော ကြေးအိုး၊ ကော်ဖီ/လက်ဖက်ရည်နှင့် ကွမ်းယာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၅၅.၅၂ ရှိ၍ ယခင်လအခြေအနေ ၁၅၄.၉၈ နှင့်နှိုင်းယှဉ်ပါက ၀.၃၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော သွားတိုက်တံ၊ ရွှေ နှင့် လက်ဝတ်ရတနာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၅.၂၄ ရှိ၍ ယခင်လအခြေအနေ ၁၄၄.၂၅ နှင့်နှိုင်းယှဉ်ပါက ၀.၆၉% မြင့်တက်လာပါသည်။

## အပိုင်း (ခ)

**၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၂.၉၄ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၆၁.၇၂ နှင့် နှိုင်းယှဉ်ပါက ၀.၇၅% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုများ၏ ဈေးဆနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက အသီးသီး မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၇၅.၅၁ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၇၄.၁၃ နှင့်နှိုင်းယှဉ်ပါက ၀.၈၀% မြင့်တက်လာပါသည်။ ကြက်သား ၂.၄၁%၊ ဘဲဥ ၈.၈၈% နှင့် ကြက်ဥ ၆.၇၈% အသီးသီး ကျဆင်းလာသော်လည်း ဆန်(ဧည့်မထ) ၄.၇၁%၊ မြေပဲဆီ ၀.၈၂%၊ နှမ်းဆီ ၀.၆၇%၊ စားအုန်းဆီ ၁၃.၄၇%၊ ဝက်သား ၅.၀၉%၊ အမဲသား ၂.၅၇%၊ ငါးခူ ၆.၄၉%၊ ငါးရံ့ ၇.၁၀%၊ ငါးမြစ်ချင်း ၀.၇၇%၊ ပုစွန်ခြောက် ၃.၀၁%၊ ငါးရံ့ခြောက် ၄.၅၇%၊ ရေကျိုငါးပိ ၃.၄၈% အသီးသီး မြင့်တက်လာခဲ့ပါသည်။ သို့သော် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော အာလူး ၄.၈၄%၊ ကြက်သွန်ဖြူ ၁၆.၇၂% နှင့် ကြက်သွန်နီဈေးနှုန်းမှာ ၆၆.၆၃% ကျဆင်းလာသော်လည်း ကုလားပဲခြမ်းဈေးနှုန်းမှာ ၀.၈၀% မြင့်တက်လာပါသည်။ ရာသီပေါ်သီးနှံဖြစ်သော ဘူးသီး ၇.၉၂%၊ ခရမ်းချဉ်သီး ၂၅.၉၆%၊ ဂေါ်ဖီ ၂.၈၆% နှင့် မုန်လာဥဖြူ ၃.၆၈% ကျဆင်းလာပြီး ကန်စွန်းရွက် ၅.၄၂%၊ ချဉ်ပေါင်ရွက် ၇.၇၄% နှင့် ပဲတောင့်ရှည်သီး ၁.၃၉% ဖြင့် ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၌ ၁၆၂.၇၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၅၇.၅၄ နှင့် နှိုင်းယှဉ်ပါက

၃.၂၉% မြင့်တက်နေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက် (ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီးခြမ်း၊ စီးကရက် (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၃၀.၄၈ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၂၉.၁၃ နှင့်နှိုင်းယှဉ်ပါက ၁.၀၄% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီးဝတ်လုံချည် (ပြည်တွင်း)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ (အတို/အရှည်)၊ ဆွယ်တာ၊ ဘလောက်စ်အင်္ကျီ၊ စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၂၀၁.၈၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၉၉.၄၅ နှင့်နှိုင်းယှဉ်ပါက ၁.၂၂% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၃၅.၁၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ ၁၃၂.၇၇ နှင့်နှိုင်းယှဉ်ပါက ၁.၈၀% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ပရိဘောဂပစ္စည်းများဖြစ်သည့် ခုတင်နှင့် ဗီရိုဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဖျာ(သင်ဖြူး/ဝါး)၊ ဖယောင်းပုဆိုး၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ၊ အပ်ချုပ်စက်၊ ဒန်အိုး၊ သောက်ရေအိုး၊ ရေသန့်ဘူးကြီး၊ ရေစုပ်စက်၊ ဓာတ်ခဲ၊ မီးချောင်း၊ ဓာတ်မီး၊ ကိုယ်တိုက်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်၊ အိမ်အကူအလုပ်သမားခနှင့် ယာဉ်မောင်းခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၆၄.၅၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၆၀.၀၄ နှင့်နှိုင်းယှဉ်ပါက ၂.၈၂% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးဈေးနှုန်းများ၊ စမ်းသပ်ခ (ရိုးရိုး/အထူးကု)နှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၀၉.၄၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၁၇.၇၂ နှင့်နှိုင်းယှဉ်ပါက ၇.၀၂% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒီဇယ် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၉၈ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၄.၂၁ သို့ သိသာစွာကျဆင်းလာပြီး ပြည်တွင်း ဒီဇယ်ဆီ ဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ဂါလန်လျှင် ၄၄၄၄.၆၃ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ၃၀၃၇.၁၄ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁.၂၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၂.၁၃ သို့ သိသိသာသာ ကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ဂါလန်လျှင် ၄၂၃၉.၂၅ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ၂၉၂၆.၂၈ ကျပ်သို့ ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆိုင်ကယ်နှင့် စက်ဘီးဈေးနှုန်းများ၊ အငှားယာဉ်ခ(မြို့တွင်း)နှင့် လေယာဉ်ခ(မြို့တွင်း) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၀၁.၁၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၀၁.၄၃ နှင့်နှိုင်းယှဉ်ပါက ၀.၂၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်ဝင်ရောက်မှုများရှိနေပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၂၄.၀၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ ၁၂၃.၃၁ နှင့် နှိုင်းယှဉ်ပါက ၀.၆၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေနှင့် ဂျာနယ် ဈေးနှုန်းများ မြင့်တက်လာပြီး ကွန်ပျူတာဈေးနှုန်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း များ ကျဆင်းနေသော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ကုန်ပစ္စည်းတင်ပို့ရာတွင် အသွားအလာ ကန့်သတ်ချက်များနှင့် ပို့ဆောင်ရေး အခက်အခဲများရှိခြင်းတို့ကြောင့် အနည်းငယ်မြင့်တက်လျက်ရှိပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၃၉.၁၄ နှင့်နှိုင်းယှဉ်ပါက ၀.၆၅% မြင့်တက် နေသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်း ကြေးဈေးနှုန်းများမှာ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လမှစ၍ ကျောင်းများ၊ သင်တန်းများ ပိတ်ထားသော်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ကျူရှင်လခနှင့် သင်တန်းကြေးများ မြင့်တက်ခဲ့ ခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၁.၅၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၃၃.၇၀ နှင့်နှိုင်းယှဉ်ပါက ၅.၈၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်/ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရ ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၅၅.၅၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၄၆.၈၁ နှင့်နှိုင်းယှဉ်ပါက ၅.၉၃% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ဆံပင်ညှပ်ခ(ကျား/မ)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခေါင်းလျှော်ရည်၊

ကျောပိုးအိတ်၊ မုတ်ဆိတ်ရိတ်ဓားနှင့် ထီးဈေးနှုန်းများ မြင့်တက်လာသည့်အပြင် ရွှေထည်ပစ္စည်း ဈေးနှုန်းမှာ ၁၁.၀၃% နှင့် လက်ဝတ်ရတနာဈေးနှုန်းမှာ ၁၀.၈၃% တို့ဖြင့် သိသာစွာမြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ၁၄၅.၂၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ ၁၄၄.၂၆ နှင့်နှိုင်းယှဉ်ပါက ၀.၆၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း (ဂ)

### စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ၁၆၁.၃၃ ရှိခဲ့ရာမှ တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၁၆၀.၀၀ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ စက်တင်ဘာလတွင် ၁၆၃.၁၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ၁၆၂.၈၂ သို့ ပြန်လည် ကျဆင်းလာခဲ့ပါသည်။ သို့သော် ယခုလတွင် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ ၁၆၂.၉၄ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာခဲ့ပါသည်။


၂။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ကျဆင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ကယားပြည်နယ်တွင် ၁.၈၅% ဖြင့် ပြောင်းလဲမှုအများဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် (-၀.၇၈)% ဖြင့် ပြောင်းလဲမှုအနည်းဆုံး ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၀၉% ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ မြန်မာနိုင်ငံတွင် COVID-19 စတင်ဖြစ်ပွားလာချိန်မှစ၍ အိမ်ထောင်စုများ၏ သုံးစွဲမှု လျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့ရာ ဒီဇင်ဘာလတွင် ၀.၇၅% ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၃.၈၇% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၆၀% နှင့် နှိုင်းယှဉ်ပါက ၀.၇၃ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ တွင် ၉.၀၆% ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါ သက်ရောက်မှုကြောင့် ပြည်သူများ သုံးစွဲမှုကျဆင်းပြီး စားသုံးသူဈေးဆနှုန်းမှာ တိုးနှုန်းအရှိန်လျော့နည်းလာရာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၃.၈၇% သို့ ရောက်ရှိလာခဲ့ပါသည်။

၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ




အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၈.၁၉% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၆.၁၀% ဖြင့် ဒုတိယအမြင့်ဆုံး၊ ပြည်ထောင်စုနယ်မြေတွင် ၅.၉၇% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၃.၈၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့နှင့် နေပြည်တော်တွင် (-၁.၉၉)% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ပြည်ပသို့ ပြန်လည်တင်ပို့မှုရှိလာခြင်း၊ COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသော ကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များ ရှိနေခြင်း၊ ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအားမြင့်တက်ခြင်းနှင့် နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကကုန်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီ တင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၉၃.၇၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၈၄၆.၀၇ သို့ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှုလမ်းကြောင်း အကန့်အသတ်များရှိလာခြင်း၊ အခြေခံစားသောက်ကုန်ဖြစ်သောကြောင့် ဝယ်လိုအားများခြင်း၊ သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမှာလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် ကြက်သား ထုတ်လုပ်မှုလျော့ကျပြီး ဝယ်လိုအားများခြင်း၊ ကုန်ကြမ်းရှားပါးခြင်းနှင့် COVID-19 ကူးစက်ရောဂါကြောင့် ဆိုင်ထိုင်စားခွင့် ပိတ်ထားရသော စားသောက်ဆိုင်များမှ အချို့စားသောက်ဆိုင်များမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိခြင်းများကြောင့် ကြက်သား၊ ဝက်သားနှင့် အမဲသား ဈေးနှုန်းများ မြင့်တက်လာပါသည်။ လူစုလူဝေးဖြင့်ပြုလုပ်သော အလှူအတန်းများ၊ ပွဲလမ်းသဘင်များ လူဦးရေအကန့်အသတ်ဖြင့်သာပြုလုပ်ရခြင်းနှင့် အခြား

ဒေသနှင့် ပြည်ပသို့ တင်ပို့မှုနည်းပြီး ဒေသတွင်း၌သာ စားသုံးနေမှုရှိခြင်းများကြောင့် ငါးဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီပေါ်သီးနှံဖြစ်သည့် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်နှင့် သခွားသီးဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လာပြီး ဂေါ်ဖီထုပ်နှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာ ဆောင်းကာလဖြစ်၍ အထွက်နှုန်းတိုးခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ခရမ်းချဉ်သီးဈေးနှုန်းမှာ ဒေသပေါင်းစုံမှ အထွက်နှုန်းများလာ၍ ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ ပဲနီလေးနှင့် ကြက်သွန်ဖြူမှာမူ ပွင့်လင်းရာသီဖြစ်ခြင်းနှင့် စားသုံးမှုများသော အခြေခံစားသုံးကုန်ပစ္စည်းဖြစ်၍ ဝယ်လိုအားများခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ သို့သော် ကြက်သွန်နီဈေးနှုန်းမှာမူ ကုန်အသစ်လှိုင်လှိုင်ပေါ်ချိန်ဖြစ်ခြင်းနှင့် အဟောင်းများ အဆို့ပေါက်ချိန်ဖြစ်နေ၍ ဝယ်လိုအားနည်းပြီး ဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော မြန်မာ့ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၂၃၇၅၈၂.၂၀ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၁၁.၀၃% မြင့်တက်လာသကဲ့သို့ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါကလည်း ၀.၈၄% မြင့်တက်လာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၇၉.၅၆ ရှိရာမှ ယခုလတွင် ၁၇၆၈.၀၂ သို့ ၅.၉၃% ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသော်လည်း မြန်မာ့ရွှေဈေးနှုန်းမှာမူ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ပမှတင်သွင်းခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၆.၃၁ မှ ၅၄.၂၁ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄.၈၀ မှ ၅၂.၁၃ သို့ မြင့်တက်လျက်ရှိပါသည်။ ဒီဇင်ဘာလ အတွင်းတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ ပြည်တွင်း လောင်စာဆီဈေးနှုန်းမှာလည်း လိုက်ပါမြင့်တက်လျက်ရှိပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၁၅၇ ကျပ် ကျဆင်းလာသော်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက ၃၂ ကျပ်ခန့် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် COVID–19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသဖြင့် အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ အရောင်းအဝယ် လိုက်လာသဖြင့် ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်း၊ နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကစားသုံးကုန်ပစ္စည်း ဖြစ်ခြင်းနှင့် လက်ရှိကာလတွင် ပြည်ပမှ ဝယ်လိုအား ပြန်ကောင်းမွန်နေခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းစားအုန်းဆီဈေးနှုန်း လိုက်ပါမြင့်တက်လာခဲ့ပါသည်။ အလားတူ ငါးဈေးနှုန်းများ၊ အချို့သောစားဖိုဆောင်သီးနှံများ၊ ရာသီပေါ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများနှင့် မြန်မာ့ရွှေဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ မြင့်တက်လာခဲ့ပါသည်။

**ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းနှင့်**
**ငွေကြေးဖောင်းပွမှုနှုန်း**
**(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ)**

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၆၁.၇၂** | **၁၆၂.၈၂** | **၁၆၂.၉၄** | **၀.၀၇** | **၀.၇၅** | **၃.၈၇** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၇၄.၁၃** | **၁၇၆.၀၂** | **၁၇၅.၅၁** | **-၀.၂၉** | **၀.၈၀** | **၂.၈၆** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၄၄.၂၆** | **၁၄၄.၂၅** | **၁၄၅.၂၄** | **၀.၆၉** | **၀.၆၈** | **၅.၆၈** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၇.၅၄ | ၁၅၇.၅၂ | ၁၆၂.၇၂ | ၃.၃၀ | ၃.၂၉ | ၇.၅၃ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၉.၁၃ | ၁၃၀.၅၀ | ၁၃၀.၄၈ | -၀.၀၂ | ၁.၀၄ | ၂.၈၀ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၉.၄၅ | ၂၀၁.၅၇ | ၂၀၁.၈၉ | ၀.၁၆ | ၁.၂၂ | ၁၆.၀၁ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၃၂.၇၇ | ၁၃၄.၉၅ | ၁၃၅.၁၆ | ၀.၁၆ | ၁.၈၀ | ၄.၂၆ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၆၀.၀၄ | ၁၆၄.၄၄ | ၁၆၄.၅၅ | ၀.၀၇ | ၂.၈၂ | ၅.၉၇ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၇.၇၂ | ၁၀၇.၄၃ | ၁၀၉.၄၆ | ၁.၈၈ | -၇.၀၂ | -၄.၉၄ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၄၃ | ၁၀၁.၁၆ | ၁၀၁.၁၅ | ၀.၀၀ | -၀.၂၇ | -၀.၂၉ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂၃.၃၁ | ၁၂၄.၁၂ | ၁၂၄.၀၉ | -၀.၀၂ | ၀.၆၃ | ၄.၂၇ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၉.၁၄ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၀.၆၅ | ၂.၅၃ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၃၃.၇၀ | ၁၄၀.၂၉ | ၁၄၁.၅၀ | ၀.၈၇ | ၅.၈၄ | ၇.၉၈ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၄၆.၈၁ | ၁၅၄.၉၈ | ၁၅၅.၅၂ | ၀.၃၅ | ၅.၉၃ | ၆.၉၃ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၂.၆၃** | **၁၄၁.၂၂** | **၁၄၅.၅၀** | **၁၄၅.၄၈** | **-၀.၀၂** | ***၃.၀၁** | ***၈.၈၂** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့်
ငွေကြေးဖောင်းပွမှုနှုန်း
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၇.၄၂ | ၁၅၇.၉၆ | ၁၅၈.၃၁ | ၀.၂၂ | ၀.၅၆ | ၃.၀၁ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၆၂.၇၄ | ၁၅၈.၁၂ | ၁၆၀.၀၅ | ၁.၈၅ | -၁.၀၄ | ၁.၄၉ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၄၆.၆၀ | ၁၅၁.၃၆ | ၁၅၁.၈၅ | ၀.၃၃ | ၃.၅၈ | ၅.၂၁ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၉.၄၅ | ၂၀၆.၃၆ | ၂၀၆.၆၇ | ၀.၁၅ | -၁.၃၃ | ၀.၇၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၈.၅၁ | ၁၅၆.၁၇ | ၁၅၆.၅၈ | ၀.၂၆ | -၁.၂၂ | ၀.၄၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၄၃.၉၇ | ၁၄၂.၀၃ | ၁၄၃.၁၃ | ၀.၇၈ | -၀.၅၉ | ၂.၀၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၅၇.၉၉ | ၁၆၀.၇၆ | ၁၆၂.၀၃ | ၀.၇၈ | ၂.၅၅ | ၅.၀၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၇၁.၇၅ | ၁၇၃.၀၂ | ၁၇၂.၅၂ | -၀.၂၉ | ၀.၄၅ | ၄.၀၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၅၆.၇၅ | ၁၅၄.၇၀ | ၁၅၅.၂၀ | ၀.၃၃ | -၀.၉၉ | ၃.၇၄ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၅၀.၆၁ | ၁၄၈.၄၃ | ၁၄၈.၃၇ | -၀.၀၄ | -၁.၄၉ | -၀.၁၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၃.၆၅ | ၁၉၆.၇၈ | ၁၉၆.၄၇ | -၀.၁၆ | ၁.၄၆ | ၂.၀၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၅၂.၆၅ | ၁၅၃.၃၂ | ၁၅၃.၁၃ | -၀.၁၂ | ၀.၃၁ | ၅.၂၇ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၉.၀၃ | ၁၆၉.၄၇ | ၁၇၀.၀၄ | ၀.၃၄ | ၀.၆၀ | ၂.၉၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၆၈.၅၅ | ၁၇၅.၂၄ | ၁၇၅.၁၁ | -၀.၀၇ | ၃.၈၉ | ၈.၁၉ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၄၇.၆၉ | ၁၅၀.၄၈ | ၁၅၀.၈၅ | ၀.၂၅ | ၂.၁၄ | ၅.၉၇ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၆၁.၄၃ | ၁၆၅.၈၀ | ၁၆၄.၅၂ | -၀.၇၈ | ၁.၉၁ | ၅.၂၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၆၂.၅၈ | ၁၅၉.၆၃ | ၁၅၉.၃၅ | -၀.၁၈ | -၁.၉၉ | ၆.၁၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၅၃.၅၉ | ၁၅၁.၀၅ | ၁၅၀.၅၄ | -၀.၃၄ | -၁.၉၉ | ၂.၅၇ |
| | တစ်နိုင်ငံလုံး | ၁၀၀.၀၀ | ၁၆၁.၇၂ | ၁၆၂.၈၂ | ၁၆၂.၉၄ | ၀.၀၇ | ၀.၇၅ | ၃.၈၇ |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် | | ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | နိုဝင်ဘာလ (ကျပ်) | ဒီဇင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၅၄.၈၇ | ၁၅၆၃.၃၆ | ၁၄၉၃.၀၄ | ၀.၅၅ | ၄.၇၁ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၉၁၃.၅၂ | ၆၉၃၈.၀၈ | ၆၈၈၁.၇၄ | ၀.၃၆ | ၀.၈၂ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၈၆.၅၀ | ၆၉၂၂.၀၉ | ၆၈၇၆.၂၅ | ၀.၅၂ | ၀.၆၇ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၂၆၇.၁၃ | ၂၄၁၈.၅၂ | ၂၁၃၁.၄၃ | ၆.၆၈ | ၁၃.၄၇ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၈၀၁.၁၂ | ၆၈၈၈.၈၅ | ၇၀၅၉.၃၂ | ၁.၂၉ | -၂.၄၁ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၃၇၀.၂၃ | ၁၀၄၅၇.၁၉ | ၉၉၅၀.၆၈ | ၀.၈၄ | ၅.၀၉ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၅၇၀.၃၇ | ၁၄၆၁၈.၉၈ | ၁၄၂၅၃.၂၇ | ၀.၃၃ | ၂.၅၇ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၉၀.၉၇ | ၁၆၆၇.၄၄ | ၁၈၂၉.၉၆ | -၁.၃၉ | -၈.၈၈ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၂၃.၉၈ | ၁၂၀၉.၅၇ | ၁၂၉၇.၆၀ | -၁.၁၈ | -၆.၇၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၁၀၁၈၃.၄၂ | ၉၅၃၀.၄၈ | ၈၉၅၀.၀၀ | -၆.၄၁ | ၆.၄၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၅၇၈.၈၉ | ၉၄၉၅.၉၈ | ၈၈၆၆.၈၄ | -၀.၈၇ | ၇.၁၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၅၅၂.၆၁ | ၅၅၁၂.၁၇ | ၅၄၇၀.၀၉ | -၀.၇၃ | ၀.၇၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၉၈၁.၂၅ | ၃၄၉၀၂.၀၈ | ၃၃၈၈၂.၉၈ | -၀.၂၃ | ၃.၀၁ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၄၃၀၉.၅၇ | ၃၄၀၆၇.၉၄ | ၃၂၅၇၈.၄၃ | -၀.၇၀ | ၄.၅၇ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၅၃၇.၃၉ | ၃၅၅၃.၄၈ | ၃၄၃၄.၀၇ | ၀.၄၅ | ၃.၄၈ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၂၅၈.၈၅ | ၁၁၂၃.၄၆ | ၁၅၁၇.၄၄ | -၁၀.၇၆ | -၂၅.၉၆ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၉၁.၁၉ | ၂၃၉၆.၀၂ | ၂၃၇၆.၈၉ | ၀.၂၀ | ၀.၈၀ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၃၂.၀၀ | ၁၁၆၇.၅၈ | ၁၂၂၆.၉၁ | -၅.၂၃ | -၄.၈၄ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၁၉၀.၇၇ | ၃၂၉၇.၀၅ | ၃၉၅၉.၀၂ | ၃.၃၃ | -၁၆.၇၂ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၂၀၅.၄၅ | ၁၀၃၁.၁၃ | ၃၀၉၀.၄၀ | -၁၄.၄၆ | -၆၆.၆၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၃၂၀.၆၉ | ၅၃၂၀.၆၉ | ၅၄၆၆.၉၀ | ၀.၀၀ | -၂.၆၇ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၆၀၇.၃၆ | ၅၅၆၂.၄၀ | ၅၅၄၇.၁၈ | -၀.၈၀ | ၀.၂၇ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၂၂၇၂၇၃.၃၁ | ၁၂၃၇၅၈၂.၂၀ | ၁၁၁၄၆၀၂.၂၁ | ၀.၈၄ | ၁၁.၀၃ |
| ၂၄ | ထင်း | | ပိဿာ | ၃၈၄.၂၉ | ၃၈၄.၂၉ | ၃၆၉.၃၅ | ၀.၀၀ | ၄.၀၄ |
| ၂၅ | မီးသွေး | | ။ | ၇၀၆.၂၂ | ၇၀၆.၂၂ | ၆၉၆.၅၁ | ၀.၀၀ | ၁.၄၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၆.၄၉ | ၄၅၆.၇၂ | ၄၅၄.၃၉ | ၀.၀၅ | ၀.၅၁ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၂၈၄.၉၇ | ၁၂၉၇.၇၀ | ၁၁၁၀.၅၃ | ၀.၉၉ | ၁၆.၈၅ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၂၇၁၈.၈၇ | ၃၀၃၇.၁၄ | ၄၄၄၄.၆၃ | ၁၁.၇၁ | -၃၁.၆၇ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၆၀၈.၉၅ | ၂၉၂၆.၂၈ | ၄၂၃၉.၂၅ | ၁၂.၁၆ | -၃၀.၉၇ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ | ၁၆၀.၁၂ | ၁၆၀.၉၈ | ၁၆၁.၁၄ | ၁၆၂.၀၅ | ၁၆၃.၁၀ | ၁၆၃.၀၀ | ၁၆၂.၈၂ | ၁၆၂.၉၄ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၁၄၃.၈၇ | ၁၄၄.၉၀ | ၁၄၅.၀၁ | ၁၄၅.၄၈ | ၁၄၅.၇၁ | ၁၄၅.၆၄ | ၁၄၅.၅၀ | ၁၄၅.၄၈ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၀ | ၅.၂၄ | ၄.၂၀ | ၄.၁၆ | ၁.၇၀ | ၁.၈၄ | ၂.၀၃ | ၁.၅၀ | ၀.၉၇ | ၀.၇၅ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ | ၁၂.၉၀ | ၁၃.၀၁ | ၁၃.၃၇ | ၅.၄၂ | ၅.၂၃ | ၄.၇၄ | ၄.၂၂ | ၃.၆၅ | ၃.၀၁ |